**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (055/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၅၅/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၀၆) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့အထိ

## လွှတ်တော်အဆင့်ဆင့်

- ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပသည့် အစိုးရလွှတ်တော်အစည်းအဝေးတွင် သမ္မတသစ် ဦးသိန်းစိန်က ဖွင့်ဖွဲ့မည့် အစိုးရသစ်တွင် သမ္မတရုံး ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနဆိုသည့် ဌာနနှစ်ခု အသစ်တိုး၍ စုစုပေါင်း ဝန်ကြီးဌာန ၃၄ ခုဖြင့် ဖွဲ့စည်းရန် အဆိုတင်သွင်းခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု NDF အမတ် ဦးဘုန်းမြင့်အောင်က ပြောသည်။ (RFA 080211) Read More...
- စစ်အစိုးရလွှတ်တော်သစ်က ခန့်အပ်မည့် အစိုးရအဖွဲ့သစ်အတွက် သမ္မတအပါအဝင် လွှတ်တော်အမတ်များ၏ လစာများသည် မြန်မာ့သမိုင်းတွင် မကြုံစဖူး အများဆုံးရမည့် လစာပမာဏများဖြစ်သည်။ (RFA 090211) Read More...,
- နေပြည်တော်တွင် ကျင်းပသည့်လွှတ်တော် အစည်းအဝေး၌ အစိုးရအဖွဲ့ဝန်ကြီးဌာန အရေအတွက်နှင့် ဝန်ကြီးအမည်စာရင်းများကို သမ္မတ ဦးသိန်းစိန်မှ တင်သွင်းခဲ့ရာ အရပ်သားစစ်စစ် ၄ ဦးသာပါပြီး အများစုသည် စစ်တပ်အရာရှိဟောင်းများသာဖြစ်ကြောင်း လွှတ်တော်အစည်းအဝေးတက်ရောက်နေသည့် အခြားနိုင်ငံရေးပါတီ ကိုယ်စား လှယ်များက ပြောသည်။ (RFA 090211) Read More...
- ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် သမ္မတ ဦးသိန်းစိန်က တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များရှိ ဝန်ကြီး ချုပ်များကို ခန့်အပ်လိုက်ပြီး ဝန်ကြီးဌာန ၉ ခုနှင့် ဝန်ကြီး ၉ ဦးထားရန်ကိုလည်း တိုင်းနှင့်ပြည်နယ် ၁၄ ခုစလုံးက လွှတ်တော်တွင် ကန့်ကွက်သူမရှိ အတည်ပြုလိုက်သည်။ (BBC 110211) Read More...
- နေပြည်တော်တွင် ကျင်းပသည့် လွှတ်တော်အစည်းအဝေးသို့ သမ္မတ ဦးသိန်းစိန် တင်သွင်းထားသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးအယောက် ၃၀ အမည်စာရင်းကို ဖေဖော်ဝါရီ ၁၁ ရက်နေ့က အတည်ပြုခဲ့ရာ မည်သူက မည်သည့်ဝန်ကြီး ဌာနကို တိတိကျကျ တာဝန်ယူရမည်ဟူ၍ တင်ပြထားမှုမရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။ (RFA 110211) Read More...
- ဖေဖော်ဝါရီ ၁၁ ရက်နေ့က ကျင်းပသောချင်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့မဲဆန္ဒနယ်မြေအမှတ် (၂) မှ ရွေးကောက်ခံရသည့် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ကိုယ်စားလှယ်အမတ် ဗိုလ်မှူးချုပ်ဟောင်း ဦးဟုန်းငိုင်ကို ချင်းပြည်နယ် ဝန်ကြီး ချုပ်အဖြစ် ခန့်အပ်လိုက်သည်။ (Khonumthung) 110211 Read More...

- ရခိုင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အမ်းမြို့နယ် အမှတ် (၁) မဲဆန္ဒနယ်မြေမှ လွှတ်တော်အမတ် ဦးလှမောင်တင်ကို သမ္မတ ဦးသိန်းစိန်က ခန့်အပ်လိုက်ကြောင်း စစ်တွေမြို့နယ် ရတပ အမတ် ဦးအောင်မြကျော်က ပြောသည်။ Narinjara 110211 Read More...

## ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ

- နိုင်ငံတော် သမ္မတသစ် ဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ် လက်ထက်တွင် အခွန်ဆိုင်ရာ တင်းကြပ်သော ဥပဒေ နှင့် နည်းဥပဒေသစ်အချို့ထွက်ရန်ရှိပြီး အဆိုပါ ဥပဒေများတွင် အခွန်ရှောင်တိမ်းမှုများနှင့်ပတ်သက်ပြီး ပြစ်မှုကြောင်းအရ တရားစွဲ ထောင်ချအရေးယူနိုင်သော အချက်များပါဝင်မည်ဖြစ်ကြောင်း အခွန်များဦးစီးဌာနမှအရာရှိတစ်ဦးက ပြောသည်။ (Irrawaddy 080211) Read More...
- ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ထိပ်တန်းစစ်ဗိုလ်ချုပ်ကြီး ၃ ဦးကို အရပ်သားအသွင်ပြောင်း အစိုးရအဖွဲ့တွင် အမြင့်ဆုံး အာဏာများအပ်နှင်းခဲ့ပြီးနောက် အရေးပါသည့် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနများကို ကိုင်တွယ်ရန် စစ်ဗိုလ်ချုပ်များ၏အမည်စာရင်းကို ဖေဖော်ဝါရီ ၉ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် အမည်စာရင်း တင်သွင်းလိုက်ပြီဖြစ်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP လွှတ်တော်အမတ် ဦးခင်ရွှေက ပြောသည်။ (Irrawaddy 090211) Read More...
- နိုင်ငံတော် သမ္မတလစာ ကျပ်သိန်း ၅၀နှင့် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းများ အတွက် လစာနှုန်းထားများ၊ အခြား ခံစားခွင့်ဆိုင်ရာ ဥပဒေများကို စစ်အစိုးရက ထုတ်ပြန်ထားကြောင်း ရခိုင်ပြည်သူ့လွှတ်တော်အမတ် ဦးဘရှိန်က ပြောသည်။ (Mizzima 090211) Read More...
- သမ္မတ ဦးသိန်းစိန်ကို အစိုးရ အုပ်ချုပ်ရေး အာဏာလွှဲပေးမည် ဖြစ်သော်လည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်ပါဝင်သော နိုင်ငံ့ဥသျှောင်အဖွဲ့ကိုဖွဲ့စည်းပြီး အုပ်ချုပ်ရေးယန္တရားကို ကြီးကြပ်ကွပ်ကဲမည်ဖြစ်ကြောင်း နေပြည်တော်စစ်တပ် အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 090211) Read More...
- နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (Constitutional Tribunal of the Union) ဖွဲ့စည်းရေးအတွက် ခုံရုံးတွင်ခန့်ထားမည့် အဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်းကို ဖေဖော်ဝါရီ ၁၁ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ရာ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ စစ်ဥပဒေချုပ်ဟောင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိုးအား ထိပ်ဆုံးတွင် ဖော်ပြထားသည်။ (VOA 110211) Read More...
- ဖေဖော်ဝါရီ ၁၁ ရက် လွှတ်တော် အစည်းအဝေးတွင် အစိုးရသစ်ဝန်ကြီးရာထူးအတွက် တင်သွင်းထားသည့် ပုဂ္ဂိုလ်များကို လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုခဲ့သော်လည်း ဝန်ကြီးစာရင်းတွင် ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များကို ထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိသောကြောင့် လွှတ်တော်ကိုယ်စားလှယ်အချို့အကြား သံသယဖြစ်နေကြသည်။ (RFA 110211) Read More..., DVB...

## ဗမာ့တပ်မတော်

- ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နေပြည်တော်တွင် အစည်းအဝေး တက်နေသည့် လွှတ်တော်အမတ်များကို ပြည်ထောင်စုနေ့တွင် ညှော်ခံပွဲနှင့် ညစာစားပွဲတို့ဖြင့် တည်ခင်းညှော်ခံပေးမည်ဟု လွှတ်တော်အမတ်တစ်ဦးကပြောသည်။ (Mizzima 100211) Read More...
- ယခုရက်ပိုင်းအတွင်း သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ထိန်းချုပ်နယ်မြေအတွင်း ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များကို ဒေသခံအာဏာပိုင်များက အထက်အမိန့်ဟုဆိုကာ သွားလာခွင့်ပိတ်ပင်ထားပြီး စစ်ရေးလှုပ်ရှားမှုများ တိုးမြှင့်လာကြောင်း SSA-N မိသားစုဝင်တစ်ဦးက ပြောသည်။ (S.H.A.N 100211) Read More...
- ၂၀၁၀ ခုနှစ် နိုဝင်ဘာလကစပြီး စစ်အစိုးရတပ်နှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် DKBA တပ်ဖွဲ့အကြားဖြစ်ပွားခဲ့သည့် တိုက်ပွဲများတွင် နအဖ စစ်တပ်ဖက်မှ အိန္ဒိယလူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့များဖြစ်ကြသည့် People’s Libration Army (PLA)နှင့် United National Libration Front (UNLF)တို့ပါဝင်ခဲ့ကြောင်း မဏိပူရီသူပုန်များနှင့်နီးစပ်သည့် ကလေးမြို့ဒေသခံတစ်ဦးက ပြောသည်။ (Khonumthung 110211) Read More...

- ကရင်ပြည်နယ် ဝေါ်လေဒေသတွင် ဝင်ရောက်လှုပ်ရှားနေသည့် နအဖစစ်တပ်များသည် KNU ထောင်ထားသည့် မိုင်းနင်းမိသောကြောင့် ဝေါ်လေကျေးရွာမှ လူနေအိမ်(၁၁)လုံးကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သည်ဟု နယ်မြေခံများက ပြောသည်။ (KIC 110211) Read More...
- မြန်မာစစ်အစိုးရတပ်များသည် ကရင်အမျိုးသား အစည်းအရုံး KNU လက်အောက်ခံ တပ်မဟာ (၇) ဌာနချုပ် နယ်မြေကို အလုံးအရင်းဖြင့် စစ်ဆင်နိုင်ရန်အတွက် နယ်ခြားစောင့်တပ် ပြောင်းလဲထားသည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA တပ်ဖွဲ့ဝင်များကို ရှေ့တန်းမှ ထိုးဖောက်ရန် ညွှန်ကြားထားသော်လည်း နယ်ခြားစောင့်တပ်ရင်းများက အမိန့်မနာခံပဲ ရပ်တံ့နေကြကြောင်း KNU ဖားအံခရိုင် ဥက္ကဋ္ဌ ဖဒိုစောအောင်မော်ကေ ပြောသည်။ (RFA 080211) Read More...
- လွန်ခဲ့သည့် ဇန်နဝါရီလက ကရင်ပြည်နယ်၌ တိုက်ပွဲဖြစ်ပွားနေချိန်အတွင်း စစ်အစိုးရ ရှေ့တန်းတပ်နယ်မြေများ အတွက် ရိက္ခာပို့ရန် ဒေသခံအရပ်သားများ၏ ကားအချို့အားချောဆွဲခဲ့ခြင်းနှင့် အရပ်သားများကို ရိက္ခာသယ်ယူပို့ ဆောင်ရန် ပေါ်တာ ခိုင်းစေခဲ့မှုတွင် အရပ်သားများသေဆုံးခဲ့မှုကို အာဏာပိုင်များက လစ်လျူရှုနေသည်။ (RFA 120211) Read More...

## ရွေးကောက်ပွဲကော်မရှင်

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် နိုင်ငံရေး ပါတီအချို့ အပြန်အလှန် တရားစွဲဆိုမှုများကို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ရက်အကန့် အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း အမျိုးသားဒီမိုကရေစီ အင်အားစု NDF ရှေ့နေ ဦးမြင့်သွင်က ပြောသည်။ (Irrawaddy 100211) Read More...
- မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒွန်းကျေးရွာတွင် ကတ္တရာလမ်းခင်းရန်အတွက်ဟု အကြောင်းပြပြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ က ဒေသခံရွာသားများထံမှ ကျပ်ငွေ (၅၀၀၀၀) အထိကောက်ခံနေသည်ဟု ဒေသခံရွာသားတစ်ဦးက ပြောသည်။ (Kaowao 100211) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) အတွင်းရေးမှူး ဦးအေးသာအောင်က ဒု သမ္မတ အသစ်ဖြစ်သူ ဒေါက်တာ စိုင်းမောက်ခမ်းသည် နိုင်ငံ၏ အရေးကြီးဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်မည့်သူတစ်ယောက် ဖြစ်နိုင်မည် မဟုတ်ကြောင်း ပြောဆိုလိုက်သည်။ (Irrawaddy 070211) Read More...
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD တရားဝင် ရပ်တည်ပိုင်ခွင့် အထူးအယူခံကို အပြီးသတ် ပယ်ချလိုက်ခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များကို ဖောက်ဖျက် ကျူးလွန်ခြင်းဖြစ်သဖြင့် ဂျီနီဗာ အခြေစိုက် လူ့အခွင့်အရေးကောင်စီကို တင်ပြတိုင်ကြားရန် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် NLD တာဝန်ရှိ သူများက ဖေဖော်ဝါရီ ၇ ရက်နေ့တွင် ဆုံးဖြတ်လိုက်သည်။ (VOA 070211) Read More...
- ရှမ်းတိုင်းရင်းသားများအပေါ် ဖိနှိပ်နေမှုများသည် အနာဂတ်ကာလ၌ လျော့နည်းသွားမည့် အခြေအနေမရှိကြောင်းနှင့် နှစ်ရှည်ထောင်ဒဏ် ကျခံနေရသည့် ရှမ်းခေါင်းဆောင်များကို လွှတ်ပေးရန် တောင်းဆိုကြောင်း အဖျက်သိမ်းခံရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) က ပြောသည်။ (Irrawaddy 080211) Read More...
- မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ပပျောက်မှသာလျှင် အမေရိကန်နိုင်ငံနှင့် အနောက်နိုင်ငံများက စစ်အစိုးရအပေါ် ပိတ်ဆို့အရေးမှုကို ဖယ်ရှားရန် စဉ်းစားသင့်ကြောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) က ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန် တိုက်တွန်းလိုက်ကြောင်း NLD ဗဟို ကော်မတီဝင် တဦးဖြစ်သူ ဦးဝင်းထိန်က ပြောသည်။ (Irrawaddy 080211) Read More..., RFA...

- ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ကျင်းပသည့် တိုင်း/ပြည်နယ် လူငယ်များတွေ့ဆုံပွဲ၌ တစ်နိုင်ငံလုံး ချိတ်ဆက်ဖွဲ့စည်း လုပ်ဆောင်မည့် လူထုကွန်ရက်တွင် ရည်ရွယ်ချက်နှင့် ထိန်းကွပ်ရမည်ဖြစ်ပြီး ရည်ရွယ်ချက်တွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေး ဖြစ်သည်ဟု ပြောကြားလိုက်သည်။ (Irrawaddy 080211) Read More..., RFA..
- အမှန်တရားအတွက် ဆောင်ရွက်ရာတွင် အကြောက်တရားကို ခဝါချထားရန် လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည် က ဖေဖော်ဝါရီ ၉ ရက်နေ့၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီရုံးချုပ်တွင် ပြုလုပ်သည့်လူငယ်များနှင့် တွေ့ဆုံပွဲတွင် ပြောဆိုလိုက်သည်။ (Irrawaddy 090211) Read More..., RFA...
- မြန်မာစစ်အစိုးရ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် နိုင်ငံတကာမှ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့အရေးယူထားမှုများနှင့် ပတ်သက်၍ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် က ဖေဖော်ဝါရီ ၈ ရက်နေ့က ထုတ်ပြန်ခဲ့သည့် သဘောထားကို ပြည်တွင်းတွင် လှုံ့ဆော်လှုပ်ရှားနေသည့် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ထောက်ခံကြောင်း အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ကိုစိုးထွန်းက ပြောသည်။ (RFA 090211) Read More...
- ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့သည် ၆၄ ကြိမ်မြောက်ဖြစ်သည့်တိုင် နအဖနှင့် လက်ရှိ အစိုးရသစ်၏ လုပ်ရပ်နှင့်မူဝါဒတို့ကြောင့် တိုင်းရင်းသား ဒေသများအတွင်း လက်နက်ကိုင်တိုက်ပွဲများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း ရခိုင်တိုင်းရင်းသား ခေါင်းဆောင် ဦးအေးသာအောင်က ပြောသည်။ (Irrawaddy 100211) Read More...
- ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသားလူငယ်များအနေဖြင့် ကိုယ့်ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းကြရန် ဖေဖော်ဝါရီ ၁၀ ရက်နေ့က ကယားလူငယ်များနှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားလိုက်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 100211) Read More...
- အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေးအင်အားစုများအားလုံး လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ တိုက်တွန်းလိုက်ကြောင်း ၈၈ မျိုးဆက် ခေါင်းဆောင်တစ်ဦးဖြစ်သည့် ကိုစိုးထွန်းက ပြောသည်။ (RFA 100211) Read More..., DVB...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများကို တယ်လီဖုန်းမှတဆင့် ဖေဖော်ဝါရီ ၁၁ ရက်နေ့ နံနက်ပိုင်းက စကားပြောခဲ့ရာ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေနှင့်အညီ လုပ်ဆောင်သင့်သည့်ကိစ္စများကို ပြောကြားလမ်းညွှန်ခဲ့ကြောင်း NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 110211) Read More...
- ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရန်ကုန်တိုင်း မြောက်ပိုင်းမြို့နယ်အတွင်းရှိ မူလတန်း ၂၅ ကျောင်းကို ဗလာစာအုပ်ဒါဇင်ပေါင်း ၂၄၀၀ လိုက်လံ ဝေငှလှူဒါန်းခဲ့ရာတွင် အထက်အာဏာပိုင်များ၏ ညွှန်ကြားချက်အရဆိုပြီး အချို့ကျောင်းများက ငြင်းပယ်မှုများရှိခဲ့သည်ဟု ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ ဒေါ်မေဝင်းမြင့်က ပြောသည်။ (RFA 110211) Read More...
- ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ရုံးချုပ်၌ ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်း အနားကို ဖေဖော်ဝါရီ ၁၂ ရက်နေ့ နံနက် ၁၁ နာရီတွင်ကျင်းပရာ NLD အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားရင်ကြားစေ့ရေး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် ပင်လုံစိတ်ဓာတ်များအကြောင်း ပြောကြားခဲ့သည်။ (Irrawaddy 120211) Read More..., RFA...
- ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ရုံးချုပ်၌ ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်း အနားကို ဖေဖော်ဝါရီ ၁၂ ရက်နေ့ နံနက် ၁၁ နာရီတွင်ကျင်းပရာ NLD အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်း စုကြည်က အမျိုးသားရင်ကြားစေ့ရေး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် ပင်လုံစိတ်ဓာတ်များအကြောင်း ပြောကြားခဲ့သည်။ (Irrawaddy 120211) Read More..., RFA...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကချင်ပြည်နယ် ဗန်းမော်မြို့ အရှေ့တောင်ဘက်တွင် နအဖမြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံတပ်ဖြစ် သည့် ခြေလျင်တပ်ရင်း (ခလရ) ၁၅ တပ်ဖွဲ့ဝင်များနှင့် ကချင် အမျိုးသားလွတ်မြောက်ရေးအဖွဲ့ KIO တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၇

ရက်နေ့တွင် တိုက်ပွဲ ဖြစ်ပွားခဲ့ရာ နအဖဘက်မှ ဒု ဗိုလ်မှူးကြီး ယဉ်ထွေး ကျဆုံးသွားသည်ဟု KIO နှင့် နီးစပ်သူ တစ်ဦးက ပြောသည်။ Irrawaddy 070211 Read More..., RFA...

- တိုင်းရင်းသား အပစ်ရပ်လက်နက်ကိုင်အဖွဲ့ဖြစ်သည့် မွန်ပြည်သစ်ပါတီကို သောင်းကျန်းသူဟု သောကြာနေ့ထုတ် သတင်းစာထဲ၌ ပထမဦးဆုံးအကြိမ်ဖော်ပြထားသည့်အပေါ် အံ့သြစရာမဟုတ်သလိုထူးထူးခြားခြားမခံစား ရကြောင်း မွန်ပြည်သစ်ပါတီအထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ Kaowao 070211 Read More... IMNA
- ရခိုင်ပြည် လွတ်မြောက်ရေးပါတီ ALP မှ ခေါင်းဆောင်များနှင့် မလေးရှားနိုင်ငံရောက် ရခိုင်ပြည်သူများ ဖေဖော်ဝါရီ ၆ ရက်နေ့က တွေ့ဆုံပွဲတရပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Wisma Belia ခန်းမတွင် ကျင်းပရာ ALP ပါတီ၏ ရည်မှန်းချက်ပန်းတိုင်သည် ရခိုင်ပြည် လွတ်လပ်ရေးသာဖြစ်ကြောင်း တရားဝင် ပါတီခေါင်းဆောင်များက ကြေညာပြော ကြားခဲ့သည်ဟု ALP (မလေးဌာနခွဲ) အတွင်းရေးမှူး ခိုင်ဇော်မိုးက ပြောသည်။ Narinjara 080211 Read More...
- တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA တပ်မဟာ(၅) ဗျူဟာ(၂)မှူး ဗိုလ်မှူးကြီး စောကျော်သက် ဦးစီးသည့်အဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး KNU တပ်ဖွဲ့ဝင်များသည် ကော့ကရိတ်နှင့် အောက်ဘိုတဲစခန်းကြားရှိ BGF နေရာများကို ဖေဖော်ဝါရီ ၁၀ ရက်နေ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ BGF တပ်သား ၁ ဦးသေဆုံးကာ ၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း DKBA စစ်ဆင်ရေးမှူး ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။ (KIC 100211) Read More...
- ကရင်အမျိုးသားအစည်းအရုံး KNU နှင့် စစ်အစိုးရတပ်အကြား လွန်ခဲ့သည့် တနှစ်တာအတွင်း တိုက်ပွဲပေါင်း ၁၀၈၃ ပွဲ ဖြစ်ပွားခဲ့ပြီး နအဖ တပ်မှ ၆၁၈ ဦး ကျဆုံးခဲ့ကာ ဒဏ်ရာရသူ ၁၃၀၄ ဦး၊ အသက်ရှင်လျက် ဖမ်းမိသူ ၁၆ ဦး ရှိကြောင်းနှင့် KNU ဘက်မှ ၉ ဦး ကျဆုံးကာ ၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း KNU အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးစောလှငွေက ပြောသည်။ (Mizzima 110211) Read More...
- ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်၍ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) ကရင်ခွဲထွက် အဖွဲ့နှင့် နအဖ စစ်အစိုးရတို့အကြား ဖြစ်ပွားခဲ့သည့် ၂လကြာ ကရင်ပြည်နယ်အတွင်းရှိ ဝေါလေနှင့် ဖလူးဒေသ တိုက်ပွဲများ၌ နှစ်ဖက်ထိခိုက်သေဆုံးမှုစာရင်းကို DKBA က ယနေ့ ထုတ်ပြန်လိုက်သည်။ (KIC 110211) Read More...

## (ဂ) ပြည်ပအင်အားစုများ

- နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် SNLD ဥက္ကဌ ဦးခွန်ထွန်းဦး အပါအဝင် သျှမ်းတိုင်းရင်းသားခေါင်းဆောင်များ အမြန်ဆုံး ပြန်လည်လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးရန် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှား သူများက ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် ကုလသမဂ္ဂရုံးရှေ့တွင် ဖေဖော်ဝါရီ ၉ ရက်နေ့က သွားရောက်ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ (DVB 090211) Read More...
- တိုင်းရင်းသားများနှင့် အမျိုးသမီးများမပါ ဖွဲ့စည်းထားသော နအဖစစ်အုပ်စု၏ အစိုးရသစ်အဖွဲ့သည် ပြည်သူတစ်ရပ် လုံးကို ကျွန်ပြုရန်နှင့် တိုင်းရင်းသားလူမျိုးစုများကို မျိုးဖြုတ်ရန်အတွက် အစီအစဉ်ရှိရှိလုပ်ဆောင်နေကြောင်း ပြည်ထောင် စုတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် UNLD ဥက္ကဌ ဦးခွန်မားကိုဘန်က ပြောဆိုလိုက်သည်။ (VOA 100211) Read More...
- အိန္ဒိယနိုင်ငံ ကာလကတ္တား အကျဉ်းထောင်တွင် မြန်မာ တော်လှန်ရေးသမား ၃၄ ဦးကို ထိန်းသိမ်းထားသည်မှာ ယနေ့ ဆိုလျှင် ၁၃ နှစ် ပြည့်မြောက်ပြီဖြစ်၍ ချွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရေးအတွက် အိန္ဒိယနိုင်ငံရောက် မြန်မာ့ ဒီမိုကရေစီ အင်အားစုများက နယူးဒေလီမြို့ ဂျန်တားမန်တားပန်းခြံတွင် ဆန္ဒပြတောင်းဆိုကြသည်။ (Irrawaddy 110211) Read More...
- ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက အိန္ဒိယနိုင်ငံ ကာလကတ္တားအကျဉ်းထောင်တွင် ဖမ်းဆီး ခံထားရသည့် ကရင်နှင့်ရခိုင်တော်လှန်ရေးသမား ၃၄ ဦး လွတ်မြောက်ရေးအတွက် ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ် ကော့စ်ဘာဇာမြို့တွင် ဆန္ဒပြခဲ့ကြသည်။ (DVB 110211) Read More...

## နိုင်ငံရေးပါတီများ

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ၏ ညွှန်ကြားချက်ဟုဆိုကာ ရန်ကုန်တိုင်းအတွင်း သက်ဆိုင်ရာ မြို့နယ် ရပ်ကွက်များမှ ရယက အဖွဲ့ဝင်များက မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာ နုဂ္ဂဟ အသင်းကြီး ဖွဲ့စည်းရေးအတွက် ဝန်ထမ်းများကို အသင်းဝင်အဖြစ် အတင်းအဓမ္မဝင်ခိုင်းနေကြောင်း မြောက်ဥက္ကလာပ မြို့နယ်မှ ကျောင်းဆရာတစ် ဦးက ပြောသည်။ (RFA 070211) Read More...
- နိုင်ငံခြားရေးဝန်ကြီးကို အခြားပါတီအမတ်များက အရပ်ဖက်မှလာစေချင်သော်လည်း ကာကွယ်ရေးဦးစီးချုပ်မှ အမည် စာရင်းတင်သွင်းမည်ဖြစ်ကြောင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ မှ အမျိုးသားလွှတ်တော်အမတ် ဇောကမ္ဘာ ဦးခင်ရွှေက ပြောဆိုလိုက်သည်။ (BBC 080211) Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ဖွဲ့စည်းထားသော နာရေးကူညီမှု အသင်းက နာရေးတစ်ခုကို ကျပ် ၂၀၀၀၀ ပေးကာ အသုဘ မြေကျသည်အထိ အခမဲ့လိုက်လံဝန်ဆောင်မှုပေးရန် ပါတီခေါင်းဆောင်များက ညွှန်ကြားထား ကြောင်း ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ကြံ့ဖွံ့ပါတီ ဥက္ကဋ္ဌတစ်ဦးက ပြောသည်။ (Irrawaddy 100211) Read More...

### အခြားပါတီများ

- အမျိုးသားဒီမိုကရေစီအင်အားစု NDF၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ SNDP၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP၊ ချင်းအမျိုးသားပါတီ CNP၊ ပြည်ထောင်စု ဒီမိုကရေစီ ပါတီ UDP၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်း ရေးပါတီ၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီ UDP၊ ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ အမျိုးသား နိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်တို့သည် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့ အား ပူးပေါင်းကျင်းပကြမည် ဖြစ်သည်။ (Mizzima 070211) Read More...
- ဖေဖော်ဝါရီ ၃ ရက်နေ့ လွှတ်တော် အစည်းအဝေးမှ နိုင်ငံတော် ဒုသမတအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ USDP အမတ် ရှမ်းတိုင်းရင်းသား ဒေါက်တာစိုင်းမောက်ခမ်းကို ရွေးချယ်လိုက်ခြင်းသည် ၎င်းတို့တိုင်းရင်းသားပါတီများ တောင်းဆိုခဲ့သည့် အချက်များနှင့်ကိုက်ညီမှုမရှိကြောင်း မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ (AMRDP) ဥက္ကဋ္ဌ နိုင်ငွေသိမ်း က ပြောကြားလိုက်သည်။ (RFA 070211) Read More...
- လက်ရှိနအဖဝန်ကြီးချုပ် တာဝန်ကို ယူထားသူ သမ္မတ ဦးသိန်းစိန်မှ ဇန်နဝါရီ ၈ ရက်နေ့ လွှတ်တော် အစည်းအဝေးတွင် အစိုးရသစ်ဖွဲ့စည်းနိုင်ရန်အတွက် ဝန်ကြီးဌာနအရေအတွက်စာရင်းကို အဆိုတင်သွင်းရန်ရှိသည် ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဒု–ဥက္ကဋ္ဌ ဦးစိုင်းဆောင်ဆီက ပြောသည်။ (BBC 070211) Read More...
- အနောက်နိုင်ငံများမှ စစ်အစိုးရအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံတွင် လူ့အခွင့် အရေးနှင့် ဒီမိုကရေစီရေးအတွက် အကျိုးဖြစ်ထွန်းမှုများ ရှိမည်မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီမှ ဖေဖော်ဝါရီ ၇ ရက်က သဘောထားထုတ်ပြန်လိုက်သည်။ (RFA 080211) Read More...
- ဖေဖော်ဝါရီ ၉ ရက်နေ့တွင် ကြေညာမည့် ဝန်ကြီးဌာန ၃၄ ခုပါ အစိုးရအဖွဲ့တွင် စစ်ဗိုလ်နှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP မှ လူများသာပါဝင်နေကြောင်း၊ တိုင်းရင်းသားနှင့် ဒီမိုကရေစီအင်အားစုဘက်မှ ပါဝင်ခွင့်မျှော်လင့် ချက်သိပ်မရှိဘဲ ပြည်နယ်ရေးရာဘက်တွင်လည်း နေပြည်တော်အမိန့်အတိုင်းသာဖြစ်ကြောင်း၊ လူနည်းစုအနေဖြင့် မည်သည့်အခါမှ အနိုင်ရရှိမည်မဟုတ်ကြောင်း မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ (DVB 080211) Read More...
- နိုင်ငံရေးအကျဉ်းသားများ လွှတ်မြောက်ရေးအပါအဝင် စီးပွားရေးနှင့်ပတ်သက်သည့် ဥပဒေများကို လွှတ်တော်မှ ပြဋ္ဌာန်း ပေးရန် အမျိုးသားဒီမိုကရေစီအင်အားစုပါတီက လွှန်ခဲ့သည့်ရက်ပိုင်းက လွှတ်တော် ဥက္ကဋ္ဌ ရုံးသို့အကြောင်းကြားထား ကြောင်း NDF ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြောသည်။ (DVB 090211) Read More...

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ် မကြာမီပေါ်ထွန်းလာတော့မည်ဖြစ်ရာ ပြည်သူများအနေဖြင့် ဆန္ဒမစောကြရန် အရေးကြီးကြောင်း ဖေဖော်ဝါရီလ ၇ ရက်နေ့က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစညပါတီ) ကိုယ်စားလှယ် ဦးမန်းမောင်မောင်ဉာဏ်မှ ပြောဆိုလိုက်သည်။ (Myanmar Time Vol.26, NO.505 110211) Read More...
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) အနေဖြင့် ပြည်သူများ၏ နေထိုင်မှုဘဝအတွက် အခြေခံဥပဒေမှ ခွင့်ပြုထားသည့် ကိစ္စအချို့ကို လွှတ်တော်သို့တင်သွင်းရန် ပြင်ဆင်နေကြောင်း SNDP ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော ဦးဆောင်ဆီက ပြောသည်။ (Myanmar Time Vol.26, NO.505 110211) Read More...
- ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်မည့် ၆၄ နှစ် မြောက် ပြည်ထောင်စုနေ့ အကြိုအခမ်းအနားတစ်ရပ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ ပါတီစည်းရုံးရေးဇဟိုကော်မတီ ဌာနချုပ်တွင် ဖေဖော်ဝါရီ ၁၁ ရက်နေ့က ကျင်းပခဲ့သည်။ (RFA 120211) Read More...
- ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သည့် အတိုက်အခံ နိုင်ငံရေးပါတီ ၁၁ ပါတီ စုပေါင်းပြီး ဖေဖော်ဝါရီ ၁၂ ရက်နေ့က ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း စားသောက်ဆိုင်တစ်ဆိုင်၌ ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ပြုလုပ်ခဲ့ရာ လွတ်လပ်ရေး အရယူခဲ့သည့် ၁၉၄၇ ခုနှစ် ပင်လုံညီလာခံ စိတ်ဓာတ်ကဲ့သို့ ညီညွတ်ကြရန်နှင့် အနောက်နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 120211) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုနှင့်ပတ်သက်၍ ထိရောက်မှုရှိမရှိကို အမေရိကန်အစိုးရအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအပါအဝင် မြန်မာအစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဒီမိုကရေစီရေး လှုပ်ရှားနေသူများ၊ တိုင်းရင်းသားများနှင့်ပုံမှန်ဆွေးနွေးနေသော်လည်း စစ်မှန်သည့်အပြောင်းအလဲများဖြစ်လာရန် စစ်ခေါင်းဆောင်များအပေါ် ဖိအားပေးသည့် အနေဖြင့် ဒဏ်ခတ်အရေးယူမှုကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန အရာရှိတစ်ဦးက ပြောကြားလိုက်သည်။ (RFA 080211) Read More...
- မြန်မာနိုင်ငံတွင် စီးပွားရေးချွတ်ခြုံကျနေရခြင်းသည် လူ့အခွင့်အရေး အကြီးအကျယ် ချိုးဖောက်နေသည့် စစ်အစိုးရအပေါ်တွင် အခိုင်အမာ မူတည်နေပြီး စီးပွားရေးပိတ်ဆို့မှုကို ပြန်ရုတ်သိမ်းရန် အစီအစဉ်မရှိသေးကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနက သဘောတူထားသည်ဟု ဖေဖော်ဝါရီ ၇ ရက်နေ့က ကြေညာချက်ထုတ်ပြန်လိုက် သည်။ (VOA 080211) Read More...
- မြန်မာနိုင်ငံတွင် ကျင်းပနေသည့်လွှတ်တော်၌ လွတ်လပ်စွာဆွေးနွေးတင်ပြခွင့် ကန့်သတ်ထားကာ တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားမှုနှင့် ပတ်သက်၍ ဗြိတိသျှ အစိုးရက စိုးရိမ်ပူပန်မိကြောင်း ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော် ပြောကြားလိုက်သည်။ (RFA 090211) Read More...
- အမေရိကန် ပြည်ထောင်စု အနေနှင့် နောက်တက်လာမည့် မြန်မာအစိုးရ အဖွဲ့သစ်နှင့် ဆက်ဆံညှိနှိုင်းပြီး လက်ရှိကျင့်သုံးနေသည့် လက်တွေ့ကျ ဆက်ဆံရေးနှင့် ဒဏ်ခတ်ပိတ်ဆို့မှု ပူးတွဲမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဟု အမေရိကန်သံရုံး ယာယီတာဝန်ခံ မစ္စတာ လယ်ရီ ဒင်းဂါး (Larry Dinger) က ပြောသည်။ (VOA 090211) Read More...

### (ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- ဘော့စနီးယား ယာဇီဂိုဗီးနားနိုင်ငံအခြေစိုက် ဖွဲ့စည်းထားသည့် နိုင်ငံတကာငြိမ်းချမ်းရေးဌာန၏ နှစ်စဉ်ချီးမြှင့်သော အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးတွင် စွမ်းစွမ်းတမံလုပ်ဆောင်သည့် လွတ်မြောက်ရေးဆုကို မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ဖေဖော်ဝါရီ ၇ ရက်နေ့က ပေးအပ်လိုက်သည်။ (BBC 080211) Read More...

- မြန်မာစစ်အစိုးရ၏ နိုင်ငံတကာဥပဒေ ချိုးဖောက်သည့် စစ်ရာဇဝတ်မှုများအပေါ် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ကုလသမဂ္ဂ ကိုယ်တိုင် ဆောင်ရွက်မှ ဖြစ်တော့မည်ဟု ဗြိတိန်အခြေစိုက် မြန်မာ့အရေးဆောင်ရွက်နေသည့် **Burma Campaign UK** က ပြောဆိုလိုက်သည်။ **(RFA 110211) Read More...**

---

***End of report/ Saturday, February 12, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---